## **စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာကိုယ်စားလှယ်သင်တန်း (၁/၂၀၂၄)**

## **သင်တန်းသားခေါ်ယူခြင်း**

“**စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း** (၁/၂၀၂၄)” ကို စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများအတွက် မူလသတ်မှတ်ထားသည့် ရက်မှ (၁) ပတ် နောက်ဆုတ်၍ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်။

**သင်တန်း နေ့ရက်/ အချိန်/ နေရာ**

| | | |
|---|---|---|
| သင်တန်းနေ့ရက် | - | ၂၇-၅-၂၀၂၄ ရက်နေ့မှ ၃၁-၅-၂၀၂၄ ရက်နေ့ထိ၊ (၅) ရက် |
| သင်တန်းအချိန် | - | နေ့စဉ် ( ၁၀:၀၀ ) မှ ( ၁၅:၃၀ )နာရီအထိ |
| သင်တန်းနေရာ | - | ရုံးအမှတ် (၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| သင်ကြားမည့်စနစ် | - | Virtual Online (Zoom Meeting) |

**လျှောက်လွှာလက်ခံမည့်နေ့ရက်နှင့်သင်တန်းကြေး**

| | | |
|---|---|---|
| သင်တန်းလျှောက်လွှာ Form လက်ခံခြင်း | - | ၉-၅-၂၀၂၄ မှ ၂၃-၅-၂၀၂၄ ထိ |
| သင်တန်းကြေးပေးသွင်းရမည့်ရက် | - | ၉-၅-၂၀၂၄ မှ ၂၃-၅-၂၀၂၄ ထိ |
| သင်တန်းတက်ရောက်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာမည့်ရက် | - | ၂၃-၅-၂၀၂၄ မှ ၂၄-၅-၂၀၂၄ ထိ |
| စာမေးပွဲကျင်းပမည့်ရက် | - | ၃-၆-၂၀၂၄ ရက်နေ့ |
| စာမေးပွဲကျင်းပမည့်အချိန် | - | နံနက် (၁၀:၀၀) နာရီ |
| သင်တန်းကြေး | - | ၃၀၀,၀၀၀ (သုံးသိန်းကျပ်တိတိ) |

မှတ်ချက်။ သင်တန်းကြေးအား မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထား သည့် မူပိုင်ခွင့်ဦးစီးဌာန၏ MD-014366 သို့ ပေးသွင်းရန်။

**လျှောက်ထားခြင်း/ ငွေသွင်းခြင်းလုပ်ငန်းအဆင့်ဆင့်**

- လျှောက်လွှာပုံစံအား www.ipd.gov.mm တွင် Download ရယူ၍ ipdtraining2022@gmail.com သို့ ပေးပို့လျှောက်ထားရမည်။
- သင်တန်းတက်ရောက်ခွင့်ရရှိမှုအား www.ipd.gov.mm တွင် ကြေညာမည်ဖြစ်ပါသည်။
- အခြားသော သင်တန်းဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသူ၏ လျှောက်လွှာပါ e-mail သို့ ဆက်သွယ်ပေးမည်ဖြစ်ပါသည်။
- သင်တန်းလျှောက်လွှာပေးပို့ပြီးပါက မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် မူပိုင်ခွင့်ဦးစီးဌာန၏ MD-014366 သို့ သင်တန်းကြေးပေးသွင်းရမည်။

- သင်တန်းကြေးပေးသွင်းပြီး Bank Receipt ၏ Scanned Copy အား PDF Format or Photo ဖြင့် လျှောက်လွှာပေးပို့ခဲ့သည့် E-mail မှ ipdtraining2022@gmail.com သို့ ပေးပို့ရမည်။
- သင်တန်းကြေးပေးသွင်းမှုစိစစ်ပြီးပါက Zoom ID & Password များအား လျှောက်ထား သူ၏ လျှောက်လွှာပါ E-mail သို့ ပေးပို့မည်ဖြစ်ပါသည်။

မှတ်ချက်။ သင်တန်းကြေးပေးသွင်းရာတွင် **မြန်မာ့စီးပွားရေးဘဏ်သို့ အခြားဘဏ်များမှတစ်ဆင့် ငွေလွှဲပေးပို့ခြင်းဖြစ်ပါက မြန်မာ့စီးပွားရေးဘဏ်မှ ကောက်ခံသည့် ဘဏ်ဆောင်ရွက်ခ** ကိုပါ တစ်ပါတည်း ထည့်သွင်းပေးပို့ရမည် ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

- သတ်မှတ်ရက်ကျော်လွန်၍ လျှောက်ထားလာသည့် လျှောက်လွှာများအား လက်ခံခြင်း မပြုပါ။
- လျှောက်လွှာတွင်ပါရှိသော သတ်မှတ်ထားသော အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။
- သတ်မှတ်သင်တန်းသားဦးရေထက် ကျော်လွန်ပါက နောင်ဖွင့်လှစ်မည့် သင်တန်းတွင် ဦးစားပေးတက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။
- သင်တန်းအား အချိန်ပြည့်ပြီးဆုံးအောင် တက်ရောက်ရမည်ဖြစ်ပြီး အရည်အချင်းစစ် စာမေးပွဲကိုလည်း ဖြေဆိုရမည်ဖြစ်ပါသည်။
- သင်တန်းအား အချိန်ပြည့်ပြီးဆုံးအောင် တက်ရောက်ပြီး စာမေးပွဲအောင်မြင်သူများကိုသာ သင်တန်းဆင်းလက်မှတ် ထုတ်ပေးမည် ဖြစ်ပါသည်။
- သင်တန်းကြေးအား သတ်မှတ်သည့်နေ့ရက်အတွင်း ပေးသွင်းခြင်းမရှိလျှင် သင်တန်းသား အဖြစ် မှတ်ယူမည်မဟုတ်ပါ။
- သင်တန်းကြေးပေးသွင်းပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် သင်တန်းမတက်ရောက် နိုင်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်ဆဲ ပျက်ကွက်လျှင်ဖြစ်စေ ပေးသွင်းပြီးထားသော သင်တန်းကြေးအား ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။
- စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူ ပြည်တွင်း မှကိုယ်စားလှယ်များကို **နိုင်ငံ့ဝန်ထမ်းများမပါ** သင်တန်း(တက်ရောက်ခွင့် ပြုမည်) ဖြစ်ပါသည်။
- မှတ်ချက်။အသေးစိတ် သိရှိလိုပါက ၀၆၇-၄၃၀၅၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**